ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၈၆ /၂၀၁၉

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၃ အရ ကျောက်မျက်ရတနာများအပေါ် ကျသင့်သည့် ရတနာခွန်ကို အောက်ပါအတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည်-

(က) ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က)အရ ရောင်းချခြင်းဖြစ်ပါက-

(၁) အစိုးရကကြီးမှူးကျင်းပသောကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချခြင်းဖြစ်ပါကမြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းကကောက်ခံ၍ပေးသွင်းရမည်။

(၂) အရောင်းဆိုင်များတွင် ရောင်းချခြင်းဖြစ်ပါက ရောင်းချသူက ကောက်ခံ၍ ပေးသွင်းရမည်။

(ခ) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက အကောက်ခွန်ဦးစီးဌာနက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ကောက်ခံ၍ ပေးသွင်းရမည်။

၃။ အထက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ) ပါ **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသောပစ္စည်းများအပေါ် အကောက်ခွန်ဥပဒေများအရ သတ်မှတ်သည့်တန်ဖိုး၊ ယင်းပစ္စည်းအပေါ် စည်းကြပ်သည့် အကောက်ခွန်တို့ ပေါင်းစပ်ရရှိသောငွေကို ဆိုသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၁-၁၀-၂၀၁၉ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

**************************************************

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ (၄၅၃၆ / ၂၀၁၉)
ရက် စွဲ၊ ၂ ၀ ၁ ၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်တွင်းအခွန်များဦးစီးဌာန
ဤဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်ထည့်သွင်းကြေညာပေးပါရန်။

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

10/10/2019

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်